

## buzzer ဗက်သံမြည်သောအရာ

A buzzer or a bell makes a sound when it is in a complete electric circuit.

ဗက်သံမြည်သောအရာ၊ သို့မဟုတ် ခေါင်းလောင်းသည် လျှပ်စစ်ဓာတ် ဖြတ်သွားသောအခါ အသံမြည်သည်။





# Cc




## cactus ရှားစောင်းပင်


Cacti are desert plants. They have swollen green stems, and spines instead of leaves.

ရှားစောင်းပင်များသည် ခြောက်သွေ့သော ကန္တာရထဲတွင် ပေါက်သော အပင်ဖြစ်သည်။ အစိမ်းရောင်ပင်စည်နှင့် အကိုင်းများရှိပြီး သစ်ရွက်အစား ဆူးများ ရှိသည်။




## camera ကင်မရာ

A camera is for taking pictures. It has a lens to let in light. The light makes a picture on the film.
Digital cameras record pictures using computer chips.





ကင်မရာကို ဓာတ်ပုံရိုက်ရာတွင် သုံးသည်။ ကင်မရာတွင် အလင်းဝင်သော မှန်ဘီလူး ရှိသည်။ အလင်းသည် ဖလင်ပေါ်တွင် ပုံရိပ်ထင်စေသည်။ ဒစ်ဂျစ်တယ် ကင်မရာတွင် ဖလင်မလိုပါ။ ၎င်းတွင် ကွန်ပျူတာခြစ်များက ပုံကို မှတ်သားထားသည်။

## camouflage ပတ်ဝန်းကျင်နှင့် တစ်သားတည်းထင်ရအောင် အရောင်ပြောင်းခြင်း

A camouflaged animal is one that blends in with its background.

အချို့တိရစ္ဆာန်များသည် ပတ်ဝန်းကျင် အသွင်အပြင်ဖြင့် ရောသွားအောင် အရောင်ပြောင်းတတ်သည်။



Spot the comouflaged animal.
ဤပုံတွင် သစ်ရွက်စိမ်းရောင်ပြောင်းထားသော တိရစ္ဆာန်ကို ရှာပါ။

## carnivore အသားစားသော သတ္တဝါများ

Carnivores are animals that eat other animals.

အခြားတိရစ္ဆာန်များကို စားသော သတ္တဝါများကို အသားစားသော သတ္တဝါဟု ခေါ်သည်။



What do these carnivores eat?
ဤပုံထဲရှိ အသားစားသတ္တဝါများသည် ဘာကို စားကြသနည်း။